## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၀၇ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးမောင်ချင်း ၊ ဒါရိုက်တာ (Hong Xing Zhang Ba Construction Co.,Ltd) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - ကချင်ပြည်နယ် ၊ မြစ်ကြီးနားမြို့ ၊ မြို့သစ်ကြီးရပ်ကွက် ၊ အမှတ် ၂၇၉ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - မိုးမောက်-လွယ်ဂျယ် အဝေးပြေးလမ်းပိုင်း ၄၅.၂၅ မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - အဝေးပြေးလမ်းပိုင်း ၄၅.၂၅ မိုင် |
| (စ) | **စီမံကိန်းတည်နေရာ** | - ကချင်ပြည်နယ် ၊ ဗန်းမော်ခရိုင် ၊ မိုးမောက်မြို့နယ် ၊ လွယ်ဂျယ်မြို့ |
| (ဆ) | ECC သက်တမ်း (၅)နှစ် | - စတင်ထုတ်ပေးရက် - ၆ - ၁ - ၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၅ - ၁ -၂၀၃၀ |
| (ဇ) | အတည်ပြုအစီရင်ခံစာ | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကချင်ပြည်နယ်၏ ၄- ၉ -၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ (၁၆၈၉ / ၂၀၂၄)ဖြင့် တင်ပြသည့် " **ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ** " |



၁၉.၂.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

**Hong Xing Zhang Ba Construction Co., Ltd မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိုးမောက်-လွယ်ဂျယ် အဝေးပြေးလမ်းပိုင်း ၄၅.၂၅ မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း စီမံကိန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Hong Xing Zhang Ba Construction Co., Ltd မှ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မိုးမောက်-လွယ်ဂျယ် အဝေးပြေးလမ်းပိုင်း ၄၅.၂၅ မိုင် အဆင့်မြှင့်တင်ခြင်း စီမံကိန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကချင်ပြည်နယ်၏ ၄- ၉ -၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ (၁၆၈၉ /၂၀၂၄) ဖြင့် တင်ပြခဲ့သည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) အစီရင်ခံစာကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးမောင်ချင်း၊ ဒါရိုက်တာ၊ အမှတ် ၂၇၉၊ မြို့သစ်ကြီးရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုလုပ်ငန်းအား Hong Xing Zhang Ba Construction Co., Ltd မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မိုးမောက် - လွယ်ဂျယ် အဝေးပြေး လမ်းပိုင်း၄၅.၂၅ မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိုးမောက်-လွယ်ဂျယ် လမ်းပိုင်းအား တတိယအဆင့် အဝေးပြေးလမ်းမကြီး Class III Hi-Way အဖြစ် အဆင့်မြှင့် တည်ဆောက်မည်ဖြစ်ကြောင်း၊ စီမံကိန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၆၅ သန်းခန့် ကုန်ကျ မည်ဖြစ်ကြောင်း၊ စီမံကိန်း တည်ဆောက်ရေးကာလမှာ ၄ နှစ်ဖြစ်ကြောင်း၊ လမ်းမကြီးပေါ်တွင်(၈) မီတာ၊ တံတား (၂)စင်း၊ (၁၀) မီတာ တံတား (၂)စင်း၊ (၁၃)မီတာ တံတား (၁)စင်း၊ စုစုပေါင်း အရှည် (၄၉) မီတာရှိသည့် တံတားငယ်( ၅)စင်း နှင့် အရွယ်အစား ၁ မီတာ၊ ၁.၅ မီတာ၊ ၂ မီတာ၊ ၃ မီတာ၊ ၄ မီတာ နှင့် ၅ မီတာ အသီးသီးရှည်သော Box – culverts ၂၄၄ ခု ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ပြီး ၁ မီတာ အရှည် ၁၉ ဆင်း၊ ၁.၅ မီတာအရှည် ၂၀၂ ဆင်း၊ ၂ မီတာ အရှည် ၂၀ ဆင်း၊ ၃ မီတာ အရှည်၂ ဆင်း၊ ၄ မီတာအရှည် ၁ ဆင်း တည်ဆောက်မည် ဖြစ်ကြောင်း၊ စီမံကိန်းအတွက် လိုအပ်သည့် သဲများအား သဲကျောက်မိုင်း ကျောက်စက်ကန် ၂ / ၇ မိုင် နှင့် သဲကျောက်မိုင်း မိုးမောက်တွင် ၄၆/၀ တွင် ခန့်မှန်း သဲပမာဏ ၄၅၀၀၀၀ Sud နှင့်၄၅၀၀၀၀၀၀ cubic feet ထုတ်ယူသုံးစွဲမည်ဖြစ်ကြောင်း၊ လမ်း၊ တံတားများ၊ Box – culverts တည်ဆောက်ခြင်း လုပ်ငန်းအတွက် သဲ၊ ဘိလပ်မြေ၊ လမ်းခင်း ကျောက်နှင့်သစ်သားများ လိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၁၈ခုနှစ် ဩဂုတ်လမှစတင်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် BOT စနစ်ဖြင့် လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး၊ ကနဦးအစီအစဉ် အရ ၂၀၂၂ ခုနှစ် ဩဂုတ်လမှစတင်၍ လေးနှစ်တာကာလအတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ ၇၅ ကီလိုမီတာ လမ်း၏အခြားနေရာများတွင် လမ်းဖောက်လုပ်ရာတွင် ကွန်ကရစ်အလွှာများစွာနှင့်

ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ခြင်း ၊ အဆိုပါ လမ်းတစ်လျှောက်တွင် တံတား ၅ စင်းနှင့် Box – culverts ၂၄၄ခု တည်ဆောက် သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်မည်ဖြစ်ကြောင်း၊ စီမံကိန်းအတွက် လိုအပ်သောရေများအား ပြန်လည်အသုံးပြု ဆောင်ရွက်မည်ဖြစ်ကြောင်း ၊ စီမံကိန်းဧရိယာ တစ်လျှောက်တွင် အဆောက်အဦ ၃ ခု တည်ဆောက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

| Sl No | Activity/Operation | Start time | Stop Time |
|---|---|---|---|
| 1 | Company formation | Aug 2023 | |
| 2 | Preliminary work & Excavations | Aug 2023 | Dec 2024 |
| 3 | Bridges and Culverts | June 2024 | Jan 2025 |
| 4 | 20cm CPT Subbase work | June 2024 | Mar 2025 |
| 5 | 35cm CPT Cement stabilized work | Sept 2024 | Mar 2025 |
| 6 | 70cm CPT Overlay | Jan 2025 | Mar 2025 |
| 7 | 50cm Asphalt Concrete regulation | June 2025 | Mar 2025 |
| 8 | Side work and drains | June 2024 | Mar 2025 |
| 9 | Operational | Aug 2025 | |

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်းတွင် လိုအပ်သောရေအရင်းအမြစ်ကို စီမံကိန်းအနီးရှိ ချောင်းရေနှင့် မြေအောက်ရေ အဝီစိတွင်း(၂)တွင်းမှ ရယူသုံးစွဲမည်ဖြစ်ပြီး ကွန်ကရစ်ဖျော်စက်၊ သန့်ရှင်းရေး၊ လမ်းမပေါ် ရေလောင်းခြင်းနှင့် လုပ်သားများ တစ်ကိုယ်ရေသုံးစွဲရန် ရေလိုအပ်ချက် စုစုပေါင်းမှာ ၅၀၀,၀၀၀ ဂါလံခန့်အသုံးပြုမည်ဖြစ်ကြောင်း၊ လမ်းတည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်း တစ်ခုလုံးအတွက် ဘိလပ်မြေ ၅၂၀၅၈၁၅ တန်၊ ကတ္တရာ Bitumen ၁၀၅၇၀၂၈၆ ကီလိုဂရမ်၊ သဲ ၂၃၂၈၄၅ ကုဗမီတာ၊ လမ်းခင်းကျောက် ၂၉၂၂၅၂ ကုဗမီတာနှင့် လမ်းခင်းကျောက်မှုန့် Quarry Dust ၂၅၄၁၈ ကုဗမီတာ လိုအပ်မည်ဖြစ်ပါကြောင်း ၊ အဆိုပါလိုအပ်သော ကုန်ကြမ်းပစ္စည်းများအား ၇၅ ကီလိုမီတာကျော်ရှည်လျားသော လုပ်ငန်းခွင်အနီး ၁၀၀ ကီလိုမီတာအတွင်းရှိ ကျောက်ထုတ်စခန်း၊ သဲထုတ်စခန်းများမှ သုံးစွဲမည်ဖြစ်ပါကြောင်း၊ လမ်းတည်ဆောက်ရေးကာလ (၄) နှစ်ခန့်အတွင်း မြေတူးစက် (Excavators) ၊ မြေထိုးစက် (Doser) ၊ ကြိတ်စက်( Compactor)၊ ကတ္တရာခင်းစက်(Paver)နှင့် လိမ့်ကြိတ်စက်(Roller)စသည့် စက်ယာဉ်ယန္တရားများတွင် အသုံးပြုရန် လေးနှစ်တာအတွက် ဒီဇယ်ဆီ ၁၂၅၅၂၁၅၀ လီတာလို အပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ စက်ယာဉ်


ယန္တရားများတွင် အသုံးပြုရန် ဂီယာဝိုင်၊ အင်ဂျင်ဝိုင်နှင့် ချောဆီမျိုးစုံလည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်သုံး မီးစက်များအတွက် တစ်နှစ်လျှင် ဒီဇယ်ဆီ ၂၄၃၂၀ လီတာ လိုအပ်မည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| No. | Type of material | Source and process to use | Remark |
|---|---|---|---|
| 1 | Granite aggregate | There are altogether 4 granite aggregate quarries, along the road construction project. The quarries are located in (1) lawt Dan village, (2) panshan village, (3) Byitwine village, and (4) Lweje town.<br>According to the requirement for the construction schedule of the project, these quarries can supply the variable sizes of aggregate. Because of The quarries location are in the forest area, company applied the quarry permit to respective ministries. | |
| 2 | Sand | There are only 2 sand quarries, along the road construction project. The sand quarries are located in (1) Kyauk Sankan village, and (2) Lweje town area village.<br>According to the requirement for the construction schedule of the project, these quarries can supply the sand by transportation trucks. The sand quarries are existing private quarries which already obtain official license. The project owner will purchase from private quarry owner. | |
| 3 | cement | The cements for construction works of project could be imported from Myanmar- China Border (Lweje point).The quality of cement from China is good and transportation cost will be lower than other routes. | |
| 4 | rebar | The amount of rebar for construction will be less. But rebar and other construction materials will be used from local market, Banmaw township. | |

ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွက် လိုအပ်သောစုစုပေါင်း လုပ်သားအင်အားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Labor | Side drain | 20cm subbas | 35cm base | 70mm AC | 50mm AC | Total |
|---|---|---|---|---|---|---|
| Operator | 11,637 | 836 | | | | 12,473 |
| Helper | 110,278 | | | | | 110,278 |
| Carpenter | 220,332 | | | | | 220,332 |
| Worker | | 100 | | 250,849 | 43,243 | 294,192 |
| Loader Operator | | | 360 | | | 360 |
| Tipper driver | | | 5,420 | | | 5,420 |
| Motor Grader | | | 206 | | | 206 |
| Roller Operator | | | 646 | | | 646 |
| Head Worker | | | | 26,962 | 9,803 | 36,765 |
| Timekeeper | | | | 873 | 441 | 1,314 |
| Machine Operator | | | | 19,733 | 6,890 | 26,623 |
| Foreman | | | | 873 | 441 | 1,314 |

## Hong Xing Zhang Ba Construction Co., Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိုးမောက်-လွယ်ဂျယ် အဝေးပြေးလမ်းပိုင်း ၄၅.၂၅ မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစီမံကိန်း၏ တည်နေရာပြမြေပုံ





MOE MAUK - LWEJEL ROAD CONSTRUCTION MAP


၅။ **စီမံကိန်းတည်နေရာ။** ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့ပေါ်တွင် တည်ရှိပါသည်။

## Hong Xing Zhang Ba Construction Co., Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိုးမောက်-လွယ်ဂျယ် အဝေးပြေးလမ်းပိုင်း ၄၅.၂၅ မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစီမံကိန်း၏ Layout Plan

Layout plan of Administration office camp at Kyauk Sakan village (typical plan)



# Hong Xing Zhang Ba Construction Co., Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိုးမောက်-လွယ်ဂျယ် အဝေးပြေးလမ်းပိုင်း ၄၅.၂၅ မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစီမံကိန်း၏ လမ်းအခြေအနေပြဇယား



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ Hong Xing Zhang Ba Construction Co., Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်မိုးမောက်-လွယ်ဂျယ် အဝေးပြေးလမ်းပိုင်း ၄၅.၂၅ မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း စီမံကိန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကချင်ပြည်နယ်၏ ၄ - ၉ - ၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ (၁၆၈၉/၂၀၂၄)ဖြင့် တင်ပြထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE)အစီရင်ခံစာတွင် ဖော်ပြထားသည့် အချက်များနှင့် အောက်ပါ အဓိကကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် Hong Xing Zhang Ba Construction Co., Ltd မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် မိုးမောက်-လွယ်ဂျယ် အဝေးပြေးလမ်းပိုင်း ၄၅.၂၅မိုင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဖြစ်ကြောင်း၊ မိုးမောက် - လွယ်ဂျယ် လမ်းပိုင်းအား တတိယအဆင့် အဝေးပြေးလမ်းမကြီး Class III Hi-Way အဆင့်မြှင့်တည်ဆောက်မည်ဖြစ်ကြောင်း၊ စီမံကိန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၆၅ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ စီမံကိန်းတည်ဆောက်ရေးကာလမှာ ၄ နှစ်ဖြစ်ကြောင်း၊ လမ်းမကြီးပေါ်တွင်(၈) မီတာ တံတား (၂)စင်း၊ (၁၀) မီတာ တံတား (၂ )စင်း၊ (၁၃)မီတာ တံတား (၁ )စင်း ၊ စုစုပေါင်း အရှည် (၄၉) မီတာရှိသည့် တံတားငယ်(၅)စင်း နှင့် အရွယ်အစား ၁ မီတာ၊ ၁.၅ မီတာ၊ ၂ မီတာ၊ ၃ မီတာ၊ ၄ မီတာ နှင့် ၅ မီတာ အသီးသီးရှည်သော Box – culverts ၂၄၄ ခု ထည့်သွင်း တည်ဆောက်သွားမည် ဖြစ်ပြီး ၁ မီတာ အရှည် ၁၉ ဆင်း၊ ၁.၅ မီတာအရှည် ၂၀၂ ဆင်း၊ ၂ မီတာ အရှည် ၂၀ ဆင်း၊ ၃ မီတာအရှည်၂ ဆင်း၊ ၄ မီတာအရှည် ၁ ဆင်း တည်ဆောက်မည်ဖြစ်ကြောင်း၊ သဲထုတ်ယူမည့် နေရာမှာ သဲကျောက်မိုင်း ကျောက်စက်ကန် ၂/၇မိုင် နှင့် သဲကျောက် မိုင်း မိုးမောက်တွင် ၄၆/၀ တွင် ခန့်မှန်း သဲပမာဏ ၄၅၀၀၀၀ Sud နှင့် ၄၅၀၀၀၀၀၀ cubic feet ထုတ်ယူသုံးစွဲမည် ဖြစ်ကြောင်း၊ လမ်း၊ တံတား များ၊ Box – culverts တည်ဆောက်ခြင်း လုပ်ငန်းအတွက် သဲ၊ ဘိလပ်မြေ၊ လမ်းခင်း ကျောက်နှင့် သစ်သားများလိုအပ်မည်ဖြစ်ကြောင်း၊၂၀၁၈ခုနှစ်ဩဂုတ်လမှစတင်၍ဆောက်လုပ်ရေးဝန်ကြီးဌာနမှ BOT စနစ်ဖြင့် လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး၊

ကနဦးအစီအစဉ်အရ ၂၀၂၂ ခုနှစ် ဩဂုတ်လမှ စတင်၍ လေးနှစ် တာကာလအတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ လတ်တလော ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ်တွင် အပြီးသတ်နိုင်မည်ဖြစ်ပါကြောင်း၊ ၇၅ ကီလိုမီတာ လမ်း၏အခြားနေရာများတွင် လမ်းဖောက်လုပ်ရာတွင် ကွန်ကရစ်အလွှာများစွာနှင့် ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ခြင်း၊ အဆိုပါ လမ်းတစ်လျှောက်တွင် တံတား ၅ စင်းနှင့် Box – culverts ၂၄၄ ခု ရှိမည်ဖြစ်ပါကြောင်း၊ စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်မည်ဖြစ်ကြောင်း၊ စီမံကိန်းအတွက် လိုအပ်သောရေများအား ပြန်လည်အသုံးပြု ဆောင်ရွက်မည် ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာ တစ်လျှောက်တွင် အဆောက်အဦ ၃ ခု တည်ဆောက်မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) လေ၊ ဆူညံသံ၊ တုန်ခါမှု စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖုန်မှုန့်များလေထုထဲသို့ ပျံ့လွင့်မှုမရှိစေရန် တစ်ရက်လျှင်နှစ်ကြိမ် ရေဖျန်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) အမှုန်အမွှားများထွက်ရှိမှုကိုလျှော့ချရန် မြေသယ်ယာဉ်များတွင် အမိုးအကာများ လုံလောက်စွာ ဖုံးအုပ်ရန်၊

(၃) ဇီဝရုပ်ကြွင်းလောင်စာများ ၊ လျှပ်စစ်ပစ္စည်းများကြောင့် လေထုညစ်ညမ်းမှုမဖြစ်စေရန်ပြုပြင်ထိန်းသိမ်းခြင်းနှင့်လိုအပ်ပါကလဲလှယ်ရန်၊

(၄) ဒီဇယ်မီးစက်များအတွက် မီးခိုးခေါင်းတိုင်အား မြေပြင်မှအနည်းဆုံး ၃ မီတာ အမြင့်တွင်ထားရှိရန်၊

(၅) ဒီဇယ်မီးစက်များကြောင့် ဆူညံသံများမဖြစ်စေရန် အသံလုံအခန်းများတွင်ထားရှိရန်၊

(၆) စက်ပစ္စည်းများကြောင့်ဆူညံသံနှင့်တုန်ခါမှုများ မဖြစ်စေရန်အခါအားလျော်စွာ စောင့်ကြပ်ကြည့်ရှုရန်။

(ဃ) ရေအရည်အသွေးစီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအတွင်း အသုံးပြုမည့်ရေစုပ်စက်များ၊ ဘိလပ်မြေဖျော်စက်များ၊ ရေမော်တာများအား လိုအပ်သလိုပြုပြင် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအတွင်းရှိ ရေပိုက်များပေါက်ခြင်း၊ ရေပိုက်ခေါင်းများ ကြိုးပဲ့ခြင်းများရှိပါကပုံမှန်စစ်ဆေးခြင်းနှင့် လိုအပ်ပါက အသစ်လဲလှယ်ခြင်းများ ဆောင်ရွက်ရန်၊

(၃) ကွန်ကရစ်ဖျော်ရာတွင်အသုံးပြုမည့်ရေပမာဏကို မှတ်တမ်းထားပြီး ပြန်လည်ဖြည့်တင်းသွားမည် ဖြစ်ကြောင်းနှင့် ရေသုံးစွဲရသည့် လုပ်ငန်းစဉ်တိုင်းအတွက် ရေလှောင်ကန်မှ ဆုံးရှုံးသွားမည့်ရေပမာဏအား မှတ်တမ်းထားရန်၊

(၄) အခြားနေရာများတွင် အသုံးပြုထားသည့်ရေများအား ဘိလပ်မြေဖျော်ရာတွင် ပြန်လည်အသုံးပြုခြင်းဖြင့် ရေသုံးစွဲမှုအား လျှော့ချရန်၊

(၅) ရေငွေ့ပျံခြင်းများကြောင့် ရေဆုံးရှုံးမှုကိုလျှော့ချရန် အပူချိန်နည်းသည့်အချိန်မှသာ လမ်းတွင်ရေဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်။

(င) မြေအရည်အသွေးစီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) မြေဆီလွှာတိုက်စားမှုကို ကာကွယ်ထိန်းချုပ်ရန် မြေတူးသည့် ဧရိယာတစ်လျှောက်တွင် မြေမှုန်များပျံ့လွင့်မှုမရှိစေရန် လုပ်ငန်းတာဝန်ခံမှ စောင့်ကြပ်ကြည့်ရှုရန်၊

(၂) ရေတိုက်စားမှုနှင့် လေတိုက်ခတ်ခြင်းကြောင့် မြေကျွံမှုများမရှိစေရန် လမ်းတစ်ဖက်တစ်ချက်တွင် အကာအရံများထားရှိရန်၊

(၃) လေထုတွင် အမှုန်အမွှားများပျံ့လွင့်မှုမရှိစေရန် မြေသယ်ယာဉ်များအား အမိုးအကာများ ဖုံးအုပ်၍ မောင်းနှင်စေရန်၊

(၄) စီမံကိန်းဧရိယာအတွင်း ဖုန်မှုန့်များပျံ့လွင့်မှုမရှိစေရန် တစ်ရက်လျှင် နှစ်ကြိမ်ရေဖျန်းရန်။

(စ) ရုပ်ကြွင်းလောင်စာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည်-

(၁) စီမံကိန်းအတွင်း အသုံးပြုမည့် စက်ပစ္စည်းယန္တရားများ အပျက်အစီးများရှိပါက အချိန် နှင့်တပြေးညီ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်၊

(၂) ကွန်ကရစ်ဖျော်သည့် စက်ပစ္စည်းများကို စနစ်တကျစောင့်ကြပ်ကြည့်ရှုရန်၊

(၃) သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် လိုအပ်သော လောင်စာဆီနှင့် လျှပ်စစ်စွမ်းအင်သုံးစွဲမှုများကို အမြဲတမ်း စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၄) ယာဉ်တိုက်ခိုက်မှုမရှိစေရန် လမ်းတစ်လျှောက်တွင် သတိပေးဆိုင်းဘုတ်များထားရှိ သွားမည်ဖြစ်ကြောင်းနှင့်လမ်းတွင်ကျင်း၊ ချိုင့်များရှိပါက အမြန်ဆုံးပြုပြင် ဆောင်ရွက်ရန်။

(ဆ) ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည်-

(၁) ပရောဂျက်ဧရိယာအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်၊

(၂) ဂေဟစနစ်အပေါ် အကျိုးသက်ရောက်မှုရှိစေသည့် ဥပဒေနှင့်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်၊

(၃) ဇီဝမျိုးစုံမျိုးကွဲများအပေါ် အကျိုးသက်ရောက်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများသို့ ပေးပို့ရန်၊

(၄) တောရိုင်းတိရစ္ဆာန်များ အမဲလိုက်ခြင်းနှင့် သစ်ပင်နှင့် အခြားသစ်တောထွက်ပစ္စည်းများထုတ်ယူခြင်းကို မပြုလုပ်ရန်၊

(၅) တောရိုင်းတိရစ္ဆာန်များ ကူးသန်းသွားလာနိုင်သော လမ်းကြောင်းများနှင့် ရေမြောင်းများကို ပြုလုပ်ပေးရန်၊

(၆) ဆောက်လုပ်ရေးကာလအတွင်း စက်ပစ္စည်းများမှ ဆူညံသံနှင့်အလင်းထွက်ရှိမှုများအား အချိန်အကန့်အသတ်ဖြင့်ဆောင်ရွက်ရန်၊

(၇) ဇီဝမျိုးစုံမျိုးကွဲများ ပြန်လည်ထူထောင်ရေးနှင့် နေထိုင်ရာနေရာများကို စောင့်ကြည့်စစ်ဆေးရန်၊

(၈) ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ရာနေရာများကို စောင့်ကြည့်ရန်အတွက် GIS နှင့် ဒရုန်းများကို အသုံးပြုရန်၊

(၉) စီမံကိန်းနှင့်ကပ်လျက်ရှိ ရေနေဂေဟစနစ်များရှိ ရေအရည်အသွေးတိုင်းတာမှုများကို ပြုလုပ်ရန်၊

(၁၀) ဆောက်လုပ်ရေးကာလအတွင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်များအတွက် တစ်လလျှင် USD 1000 အသုံးပြုရန် ၊

(၁၁) ဖယ်ရှားပြီး ပြန်လည်စိုက်ပျိုးထားသော သစ်ပင်အရေအတွက်များကို စောင့်ကြည့်ရန်၊

(၁၂) ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် တောရိုင်းတိရစ္ဆာန်များ သေဆုံးမှုရှိပါက မှတ်တမ်းတင်ရန်၊

(၁၃) တောရိုင်းတိရစ္ဆာန်များ စီမံကိန်းဧရိယာအတွင်း ဖြတ်သန်းသွားလာမှုများရှိပါက မှတ်တမ်းတင်ရန်၊

(၁၄) စီမံကိန်းဧရိယာ၏ အနီးနားတစ်ဝိုက်တွင်ရှိ ချောင်းများ၊ မြစ်များနှင့် ရေတွင်းများရှိ ရေအရည်အသွေးအား (၆)လ တစ်ကြိမ် တိုင်းတာရန်။

(ဓ) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်အရည်နှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်ချက်များနှင့်အညီ ၆ လတစ်ကြိမ် တိုင်းတာ စစ်ဆေးရန်၊

(၂) ကုန်ကြမ်းပစ္စည်းများမှ ထွက်ရှိသော စက္ကူများ၊ ပလတ်စတစ်များအား ခွဲခြား၍ သိုလှောင်ထားရှိရန်နှင့် ပြန်လည်ရောင်းချရန်၊

(၃) အလုပ်သမားများကြောင့် ရေထုညစ်ညမ်းမှုမဖြစ်စေရန်၊ မြေအောက်ရေ အရည်အသွေးအား ၆ လတစ်ကြိမ် စောင့်ကြပ်ကြည့်ရှု တိုင်းတာရန်၊

(ဈ) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများအား လုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရန် စနစ်တကျ သင်ကြားရန်၊

(၂) မီးသတ်ခြင်းနှင့် ရှေးဦးသူနာပြုနည်းများကို သင်ကြားပြသပေးရန်၊

(၃) အလုပ်သမားများအား စက်ပစ္စည်းယန္တရားများ ကိုင်တွယ်ပုံအား သင်ကြား ပြသပေးရန်၊

(၄) စီမံကိန်းအနီးအနားတွင် မတော်တဆမှုများဖြစ်ပါက သတင်းပေးပို့ခြင်းများ ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်အတွင်း အလုပ်သမားများအား တစ်ကိုယ်ရေသုံး အကာအကွယ် ပစ္စည်းများအား ဝတ်ဆင်ပေးရန်၊

(၆) စီမံကိန်းဧရိယာအတွင်း အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ လိပ်စာများ ထားရှိရန်၊

(၇) စီမံကိန်းအတွင်းအရေးပေါ် အခြေအနေဖြစ်လာပါက သတိပေး Alarm များ တပ်ဆင်ခြင်း၊ စုရပ်များသတ်မှတ်ခြင်း၊ အရေးပေါ်ပိတ်ချခြင်းများ ဆောင်ရွက်ရန်၊

(၈) မီးဘေးကြိုတင်ကာကွယ်ရေး အစီအစဉ်တွင် ရေသိုလှောင်ကန်များ ထားရှိခြင်း၊ မီးလောင်လွယ်သောပစ္စည်း ကိရိယာများကို စနစ်တကျထားရှိခြင်း၊ မီးသတ်ဆေးဘူးများ ထားရှိခြင်း၊ အိမ်တွင်းပစ္စည်းများ အားကောင်းမွန်စွာ ထားရှိခြင်း၊ မီးဘေးကာကွယ်ရေးအဖွဲ့ဝင်များ ထားရှိခြင်းနှင့် မီးငြိမ်းသတ်ရာတွင် ပူးပေါင်း ဆောင်ရွက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်၊

(၉) စီမံကိန်းအနေဖြင့် လုပ်သားများအား မီးဘေးကြိုတင်ကာကွယ်ရေးသင်တန်း များကို အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်ဖွင့်လှစ်သင်ကြားရန်၊

(၁၀) စီမံကိန်းစတင်သည့်အချိန်တွင် မီးလောင်လွယ်စေသည့် ပစ္စည်းအစိတ်အပိုင်း များအား သတ်မှတ်ထားသည့်နေရာများတွင် ထားရှိစေမည်ဖြစ်ကြောင်းနှင့် စီမံကိန်းအတွင်းရှိ ပစ္စည်းများအား ဘေးကင်းစေရေးအစီအစဉ်များကို ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များမှ ဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြင့် ဆောင်ရွက်ရန်၊

(၁၁) လျှပ်စစ်သုံးစွမ်းအင်သုံး ကိရိယာပစ္စည်းများကို အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်နှင့် အရည်အသွေးမြင့် ဝိုင်ယာ ကြိုးများ၊ လျှပ်ကာပစ္စည်းများကို အသုံးပြုရန်၊

(၁၂) ပြန်လည်ပြင်ဆင်ထားသော ဝိုင်ယာကြိုးများ ၊ ပလပ်ခေါင်းများ ၊ မီးဖြစ်တောက် ကိရိယာများအား လုံးဝအသုံးမပြုရန်၊

(၁၃) မီးသတ်ပစ္စည်းကိရိယာများ ၊ မီးအချက်ပေးစနစ်များ ၊ မီးသတ်ဆေးဘူးများ စသည်တို့ကို ထိန်းသိမ်းဆောင်ရွက်သွားရန်၊

(၁၄) သံဂဟေဆော်ခြင်းလုပ်ငန်း၊ သံဖြတ်ခြင်းလုပ်ငန်းများတွင် အလုပ်သမားများအား အပူလောင်ခြင်း မဖြစ်ပေါ်စေရန် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့်မီးလောင်ခြင်းအားရှောင်ရှားရန် ပစ္စည်းကိရိယာများအား စနစ်တကျ ထိန်းသိမ်းရန်၊

(၁၅) မတော်တဆမီးလောင်ခြင်း ကိစ္စရပ်များအားလုံးကို စုံးစမ်းစစ်ဆေးမှုများ ပြုလုပ်သွားရန်၊ ဥပဒေအရအရေးယူမှုများ ထိရောက်စွာဆောင်ရွက်သွားရန် နှင့် ဆုံးရှုံးမှုများဖြစ်ရပ်များကို မှတ်တမ်းတင်ထားရှိသွားရန်၊

(၁၆) စီမံကိန်းမှတာဝန်ရှိသူများအနေဖြင့် အရေးပေါ်ဖြစ်ပွားရာနေရာကို အမြန်ဆုံးသွားရောက်စီစဥ်ရန်နှင့် လိုအပ်သောအကူအညီပေးမှုများ ဆောင်ရွက်ရန်၊

(၁၇) စီမံကိန်းအနေဖြင့် အရေးပေါ်ဖုန်းနံပါတ်များ အားလုံးကို စီမံကိန်း၏ သက်ဆိုင်ရာဌာနများ အားလုံးတွင် ချိတ်ဆွဲထားရှိရန်၊

(၁၈) မိုးမောက်-လွယ်ဂျယ် ကားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းလည်ပတ်ချိန်တွင် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ၊ စက်ယန္တရားမတော်တဆမှုများ၊ယာဥ်မတော်တဆမှုများဖြစ်ပွားလာပါကကြိုတင်ကာကွယ်နိုင်ရန် ကယ်ဆယ်ရေးနှင့် အရေးပေါ်အခြေအနေတုံ့ပြန် ရေးအဖွဲ့များ၏ အမည်စာရင်းများအား ဂိတ်များတွင် ထားရှိရန်၊

(၁၉) မိုးမောက်-လွယ်ဂျယ် ကားလမ်းတစ်လျှောက်ရှိ ကားဂိတ်များတွင် အရေးပေါ် အခြေအနေတုံ့ပြန်ရေးအဖွဲ့၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ရေးသား ချိတ်ဆွဲရန်၊

(၂၀) အရေးပေါ်အခြေအနေ တုံ့ပြန်ရေးအဖွဲ့မှ လမ်းပေါ်တွင်ဖြစ်ပေါ်လာသော မည်သည့် ကိစ္စရပ်မဆိုဖယ်ရှားရန် အသုံးပြုမည့် ထရပ်ကားနှင့် လုပ်သားများ ထားရှိရန်၊

(၂၁) အရေးပေါ်အခြေအနေဖြစ်ပွားပါက ဆက်သွယ်ရမည့် ရဲစခန်း၊ ဆေးရုံ၊ လူနာတင်ယာဥ်နှင့် မော်တော်ယာဥ် ပြုပြင်ရေးအဖွဲ့များ၏ ဖုန်းနံပါတ်များအား လမ်းတံတားအသုံးပြုခ ကောက်ခံရေးဂိတ်များနှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ရေးဆောင်ရွက်မည့် အသင်းအဖွဲ့များ၏ ရုံးခန်းများတွင် ထားရှိရန်၊

(၂၂) မတော်တဆထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုနှင့်သေဆုံးမှုများ အားရဲစခန်းနှင့်အထွေထွေအုပ်ချုပ်ရေးရုံးနှင့် သစ်တောဦးစီးဌာနသို့ဆက်သွယ် အကြောင်းကြားရန်။

(ည) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်စပ်လျဉ်း၍ Particulate Matter ($PM_{10}$), $PM_{2.5}$, $SO_2$, $NO_2$, $H_2S$, CO, $O_3$ စသည့် Parameter များအား စီမံကိန်းဧရိယာအတွင်း (၃)နေရာတွင်(၆)လတစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊ အမျိုးသားအရည်အသွေး ထုတ်လွှတ်မှုဆိုင်ရာ အထွေထွေလမ်းညွှန်ချက်များ အပိုဒ်(၁.၁)ပါ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) မြေအောက်ရေအရည်အသွေးအား Colour , Turbidity, Total Dissolve Solvents, Chloride,Total Hardness as ($CaCO_3$) ,Iron, pH, Sulphate, Calcium, Magnesium , Electrical Conductivity စသည့် ပါရာမီတာ တို့ကို လုပ်ငန်းခွင်အတွင်း(၃)နေရာတွင်(၆)လတစ်ကြိမ်တိုင်းတာ စစ်ဆေးရန်၊

(၃) ဆူညံသံအား စီမံကိန်းဧရိယာအတွင်း(၃)နေရာတွင် (၆)လ တစ်ကြိမ် တိုင်းတာ စစ်ဆေးရန်၊

(၄) ဇီဝမျိုးစုံမျိုးကွဲများအား လုပ်ငန်းခွင်အတွင်း (၆)လတစ်ကြိမ် စောင့်ကြည့် စစ်ဆေးရန်။

(ဋ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက် ရမည်။

(ဌ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာန ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက် သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလား ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဍ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါ ကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) (၆) လတစ်ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းအတွက် USD 5000 ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တိုင်းတာခြင်းကိရိယာများ၏ ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၁၀၀၀၀ အတွင်းလျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တိုင်းတာခြင်းကိရိယာများ၏ ပြုပြင်ထိန်းသိမ်းမှု၊ ချိန်ညှိခြင်းနှင့်ပြုပြင်ခြင်း ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၂၀၀၀ အတွင်း လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းဖော်ဆောင်မည့် ကုမ္ပဏီသည်ဒေသခံများ၏ တင်ပြချက်များအတိုင်း စီမံကိန်းပြီးစီးပါက မြေညှိလုပ်ငန်းများ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ကတိပြုမှုအား လိုက်နာဆောင်ရွက်ရန်၊

(၅) ဇီဝမျိုးစုံမျိုးကွဲ စောင့်ကြည့်လေ့လာခြင်းအတွက် စုစုပေါင်း ခန့်မှန်းခြေ ရန်ပုံငွေ တစ်လလျှင် USD 1500 အသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကိုဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့်

ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) အဆိုပြုစီမံကိန်းတည်ရှိရာနေရာသည် ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည့် ဒေသတွင် တည်ရှိခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီးဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်အလားအလာနှင့် သက်ရောက်မှုများကို တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊

(၇) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာမည်ဖြစ်၍ ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၈) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော ကာဗွန်ထုတ်လုပ်မှုနည်းသည့် အစိမ်းရောင်နည်းလမ်းများ၊ နည်းပညာများနှင့် အလေ့အကျင့်များကို ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

(၉) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေများအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ရန်၊

(ခခ) တည်ဆောက်ရေးကာလတွင် လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများအားဘေးကင်းစွာစွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအားဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ် လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းမှ ရှောင်ကျဉ်ရန်၊

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၆.၈ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်။

(ဂ) **လေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဧရိယာအတွင်း စွန့်ပစ်ပစ္စည်းဖြစ်စေ၊ အခြားမည်သည့်အရာကို ဖြစ်စေမီးရှို့ခြင်း မပြုလုပ်ရန်၊ ကတ္တရာစေးအရည်ကြိုရာတွင် ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုမရှိစေရေး ကြိုတင် ဆောင်ရွက်ရမည်။

(ဃ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(င) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်ကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့်ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါကစီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအားနစ်နာကြေးပေးချေခြင်း၊သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်။

(၈) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှုသို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ခုခုကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့်အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်းကောင်း ၊ အခြားကိစ္စရပ်များ အားလုံးတွင် စီမံကိန်းဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန် ၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက

စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက် သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း

စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်း စောင့်ရှောက်ရန်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင်ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့်ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက် ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်း နှင့်စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီးကြောင်း ကျိုးညီညွတ်စွာဖြင့်အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက် ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်

ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့်အများ ပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီး နောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့်သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကိုဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေပုံ မှန်အလုပ်ချိန်အတွင်း မည်သည့် အချိန်တွင် မဆိုဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည်သက်ဆိုင်ရာပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည်ဝန်ကြီးဌာနကစစ်ဆေးခြင်းကိုဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်း အဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်

ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည်စီမံကိန်း အကောင်အထည်ဖော်မှုကိုမည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့်စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါးပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှု ဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြု ခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာကို၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော် ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---